# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၁၉)
## ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ( ၂ ) ရက်
## ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ကောက်ခံရမည့် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများ ပြင်ဆင်ခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် စျေးကွက်တွင်ပါဝင်သော အဖွဲ့အစည်းများ ပိုမိုလုပ်သာကိုင်သာရှိစေရန်ရည်ရွယ်၍ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများနှင့်စပ်လျဥ်းပြီး ၂၃-၇-၂၀၁၈ ရက်နေ့က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ကို ပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

| စဉ် | ရောင်းဝယ်မှုပမာဏ | အကျိုးဆောင်ခ |
|---|---|---|
| (က) | ကျပ် ၁,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၁% |
| (ခ) | ကျပ် ၁,၀၀၀,၀၀၁ မှ ကျပ် ၁၀,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၇% |
| (ဂ) | ကျပ် ၁၀,၀၀၀,၀၀၁ မှ ကျပ် ၁၀၀,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၅% |
| (ဃ) | ကျပ် ၁၀၀,၀၀၀,၀၀၁ မှအထက် | ရောင်းဝယ်မှုပမာဏ၏ ၀.၄% |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၅ ရက် မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

Khutta/Desktop/FeesNoti&Letter

စာအမှတ်၊ ကော်မရှင်/စျေးကွက်ကြီးကြပ်/၁၂၅၆ / ၂၀၁၉
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၂ ရက်

ဖြန့်ဝေခြင်း
၁။ ရန်ကုန်စတော့အိပ်ချိန်း
၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

(က) KBZ Stirling Coleman Securities Co., Ltd.

(ခ) Myanmar Securities Exchange Centre

(ဂ) CB Securities Co., Ltd.

(ဃ) AYA Trust Securities Co., Ltd.

(င) KTzRH Securities Co., Ltd.

(စ) UAB Securities Co., Ltd.

မိတ္တူကို
- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ